# လှူဒါန်းနိုင်သောအရာများသည် မည်သည့်အရာများ ဖြစ်သနည်း။




## ကိုယ်တွင်းအင်္ဂါနှင့် တစ်ရှူး လှူဒါန်းခြင်းသည် အသက်များကို ကယ်တင်သည်။



WES
နှလုံးအစားထိုးကုသခံယူရသူ

DONATE LIFE Indiana

## ပုံမှိုလှေလာရန်

ကိုယ်တွင်းအင်္ဂါနှင့် တစ်ရှူးလှူဒါန်းခြင်းနှင့်ပတ်သက်၍ ပိုမိုလေ့လာနိုင်ရန်အတွက် QR ကုဒ်ကို စကင်န်ဖတ်ပါ သို့မဟုတ် **DonateLifeIndiana.org** သို့ ဝင်ရောက် ကြည့်ရှုပါ။

## DONATE LIFE INDIANA နှင့် INDIANA DONOR NETWORK အကြောင်း

Donate Life Indiana သည် ပြည်နယ်၏ အလှူရှင်စာရင်းကို စီမံခန့်ခွဲပါသည်။ Indiana Donor Network သည် လူနာများနှင့် အလှူရှင်များ၏ အသက်ကယ်လက်ဆောင်များကို ချိတ်ဆက်ပေးပြီး အလှူရှင်မိသားစုများကို ထောက်ပံ့ပေးနေသည့် အင်ဒီယားနာပြည်နယ်၏ ဖက်ဒရယ်မှ တရားဝင်သတ်မှတ်ထားသော ကိုယ်တွင်းအင်္ဂါနှင့် တစ်ရှူး ပြန်လည်ရယူရေး အေဂျင်စီတစ်ခု ဖြစ်ပါသည်။ ၎င်းတို့သည် အလှူပြုလုပ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းများကို လုပ်ဆောင်ကြပြီး အင်ဒီယားနာပြည်နယ်မှလူများ အနေဖြင့် ကိုယ်တွင်းအင်္ဂါ၊ တစ်ရှူးနှင့် မျက်စိ အလှူရှင်များအဖြစ် စာရင်းပေးသွင်းရန် တိုက်တွန်းအားပေးကြသည်။

## ကိုယ်တွင်းအင်္ဂါနှင့် တစ်ရှူး အလှူရှင် အဖြစ် စာရင်းပေးသွင်းရန် နေရာ

- Indiana Bureau of Motor Vehicles
- DonateLifeIndiana.org
- Indiana Professional Licensing Agency
- Indiana Department of Natural Resources
- iPhone Health App

# သင်၏ "လှူဒါန်းမှု" အကြောင်းအရာများ

## သင့် တွင် အသက်များကို *ကယ်တင် နိုင်သည့်စွမ်းအားရှိသည်။*




JOY
ကျောက်ကပ်
အစားထိုးကုသခံယူရသူ

## ကိုယ်တွင်းအင်္ဂါအစားထိုးရန် လိုအပ်နေသူများ -

အင်ဒီယားနာပြည်နယ်တွင် လူပေါင်း **1,200 ကျော်** နှင့် အမေရိကန်နိုင်ငံ တစ်ဝန်းတွင် လူပေါင်း **100,000 ကျော်** သည် အသက်ရှင်နိုင်ရန်အတွက် ကိုယ်တွင်းအင်္ဂါ အစားထိုးကုသမှု လိုအပ်နေကြပြီး ကိုယ်တွင်းအင်္ဂါ အစားထိုးကုသရန် စောင့်ဆိုင်း စာရင်းတွင် နေ့စဉ် လူပေါင်းများစွာ ထပ်တိုး လာလျက်ရှိပါသည်။

ကံမကောင်းစွာဖြင့် လူပေါင်းများစွာသည် ကိုယ်တွင်း အင်္ဂါအစားထိုးကုသမှုကို စောင့်ဆိုင်းရင်း သေဆုံးသွား ကြရသည်။

ကိုယ်တွင်းအင်္ဂါ လှူဒါန်းမှုသည် ရှားပါးပြီး — **လူဦးရေ 1,000 သေဆုံးတိုင်း** သုံးဦးသာလျှင် ကိုယ်တွင်းအင်္ဂါလှူဒါန်းနိုင်ခြေရှိသည့် အခြေအနေ ဖြစ်ပွားလျက်ရှိသည်။

## ဖြေရှင်းချက် -

လူပေါင်းများစွာသည် **ကိုယ်တွင်းအင်္ဂါနှင့် တစ်ရှူးအလှူရှင်ဖြစ်ရန်အတွက် "လှူဒါန်းမည်"** ဟု ဆိုလာပါက အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပြီး ကုသနိုင်မည် ဖြစ်ပါသည်။

မည်သူမဆို အသက်အရွယ်မရွေး သို့မဟုတ် ဆေးဘက် ဆိုင်ရာ မှတ်တမ်း မည်သို့ပင်ရှိစေကာမူ **"လှူဒါန်းမည်"** ဟု ပြောနိုင်ပါသည်။

လူတစ်ဦးမှနေ၍ လှူဒါန်းရန်စာရင်းသွင်းထားသည့်အခါ ထိုပုဂ္ဂိုလ်အား ကွယ်လွန်သွားပြီဖြစ်ကြောင်း ဥပဒေ အရ ကြေညာပြီးမှသာ ထိုပုဂ္ဂိုလ်၏ကိုယ်တွင်းအင်္ဂါ များ နှင့်/သို့မဟုတ် တစ်ရှူးများ လှူဒါန်းမှုကို ဆောင် ရွက် သွားမည်ဖြစ်သည်။

## ကိုယ်တွင်းအင်္ဂါလှူဒါန်းသူ တစ်ဦးတည်းလျှင်ပင် *အသက်ပေါင်း ရှစ်ချောင်းကို ကယ်တင်နိုင်ပါသည်*

## အရေအတွက်များ

ကိုယ်တွင်းအင်္ဂါ အလှူရှင် တစ်ဦးလျှင် **အသက် ရှစ်ဦးအထိ** ကယ်တင်နိုင်ပြီး **တစ်ရှူး လှူဒါန်းမှုများမှတစ်ဆင့် အခြားသူ 75 ဦးထက်မကကို** ကုသပေးနိုင်ပါသည်။

အင်ဒီယားနာပြည်နယ်မှ **ကိုယ်တွင်းအင်္ဂါ အလှူရှင်များက** "လှူဒါန်းမည်" **ဟု ဆုံးဖြတ်ခဲ့ကြခြင်းကြောင့် နှစ်စဉ် အသက် 1,200 ကျော် ကယ်တင်နိုင်ခဲ့ပါသည်။**

ကိုယ်တွင်းအင်္ဂါ နှင့်/သို့မဟုတ် တစ်ရှူး လှူဒါန်းခြင်းအတွက် အလှူရှင်၏ မိသားစုတွင် မည်သည့် ကုန်ကျစရိတ်မျှ မရှိပါ။

# လှူဒါန်းသည့် လုပ်ငန်းစဉ်ကို နားလည်ခြင်း

**"လှူဒါန်းမည်" ဟု ပြောသည်**

လူတစ်ဦးသည် ကိုယ်တွင်းအင်္ဂါနှင့် တစ်ရှူးအလှူရှင်ဖြစ်ရန် စာရင်းပေးသွင်းသည်။

**မမျှော်လင့်ထားသည်များ ဖြစ်ပျက်လာသောအခါ**

လူနာတစ်ဦးသည် မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းကဲ့သို့သော အသက်အန္တရာယ်ရှိသည့် ဒဏ်ရာ သို့မဟုတ် အခြေအနေတစ်ခုဖြင့် ဆေးရုံသို့ ရောက်ရှိလာသည်။

**အသက်ကယ်ရန် ကြိုးပမ်းမှုအားလုံး အကုန်အစင် ဆောင်ရွက်ပြီးစီးခြင်း**

အလှူပြုလုပ်ရန် မစဉ်းစားမီပင် ဆေးဘက်ဆိုင်ရာ အဖွဲ့များသည် လူနာ၏ အသက်ကို ကယ်တင်ရန် ဖြစ်နိုင်သမျှ အရာအားလုံးကို အစွမ်းကုန် လုပ်ဆောင်ကြသည်။ ထိုကြိုးပမ်းမှုများ မအောင်မြင်ပါက အလှူပေးရေးအဖွဲ့နှင့် မသက်ဆိုင်သော ဆရာဝန်တစ်ဦးက လူနာသေဆုံးကြောင်း ကြေညာသည်။

**ပြန်လည်ထုတ်ယူမှု စတင်ခြင်း**

**အထူးကျွမ်းကျင်သော ခွဲစိတ်ဆရာဝန်ကြီးများသည် ကိုယ်တွင်းအင်္ဂါများကို ထုတ်ယူကြပြီး အသက်ကယ်ခရီးစဉ်အတွက် ပြင်ဆင်ပေးကြသည်။** ကျွမ်းကျင်သော တစ်ရှူးပြန်လည်ထုတ်ယူရေး ညှိနှိုင်းရေးမှူးများသည် သတ်မှတ်ချက်နှင့်ကိုက်ညီသော တစ်ရှူးများကို ထုတ်ယူကြသည်။

**ကိုယ်တွင်းအင်္ဂါ ထည့်သွင်းကုသခြင်း**

ထုတ်ယူပြီးနောက် ကိုယ်တွင်းအင်္ဂါများကို ကုန်းလမ်း သို့မဟုတ် လေကြောင်းဖြင့် သတ်မှတ်ထားသော ကုသရေးစင်တာသို့ တင်ဆောင်သွားပြီး၊ ထိုနေရာတွင် တစ်စုံတစ်ဦးက အသက်ကယ်လက်ဆောင်ကို စောင့်ဆိုင်းနေကြသည်။

## ကွယ်လွန်ပြီးနောက် ကိုယ်တွင်းအင်္ဂါ အလှူအမျိုးအစား နှစ်မျိုး

### ဦးနှောက်သေဆုံးပြီးနောက် လှူဒါန်းခြင်း

ဦးနှောက်သေဆုံးကြောင်း တရားဝင်ကြေညာထားပြီးသူထံမှ အစားထိုးကုသရေးအဖွဲ့နှင့် မသက်ဆိုင်သော ဆရာဝန်ကြီးများ၏ စေ့စေ့စပ်စပ် စစ်ဆေးမှုများအပြီးတွင် ကိုယ်တွင်းအင်္ဂါနှင့် တစ်ရှူးများကို ရယူနိုင်ပါသည်။ ဦးနှောက်သေဆုံးခြင်းဆိုသည်မှာ ဦးနှောက်နှင့် ဦးနှောက်ပင်စည်၏ လုပ်ဆောင်ချက်အားလုံး ရပ်ဆိုင်းသွားခြင်းဖြစ်ပြီး ဥပဒေအရ လူသေဆုံးပြီဟု အသိအမှတ်ပြုသည်။ ကိုမာ သို့မဟုတ် သတိမေ့မြောနေသည့် အခြေအနေများနှင့်မတူဘဲ ဦးနှောက်သေဆုံးခြင်းသည် လုံးဝ ပြန်လည်ကောင်းမွန်လာနိုင်ခြင်း မရှိပါ။ လူနာသည် အသက်ရှူစက်ဖြင့် ဆက်လက်ရှိနေပါက အောက်ဆီဂျင်နှင့် သွေးလည်ပတ်မှုတို့က အလှူပြုမည့် ကိုယ်တွင်းအင်္ဂါများ၏ ကျန်းမာရေးကို ထိန်းသိမ်းပေးသည်။

### နှလုံးနှင့် သွေးလည်ပတ်မှု ရပ်ဆိုင်းသွားပြီးနောက် လှူဒါန်းခြင်း

သွေးလည်ပတ်မှု ရပ်ဆိုင်းခြင်း ဆိုသည်မှာ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် ဖျားနာမှုတစ်ခု ဖြစ်ပွားပြီးနောက် နှလုံးရပ်သွားပြီး သွေးလည်ပတ်မှု လုံးဝ ရပ်တန့်သွားခြင်းကို ဆိုလိုသည်။ အသက်ကယ်စက်ပစ္စည်းများကို ဖြုတ်ချရန် ဆုံးဖြတ်ချက်ကို အလှူပြုလုပ်ခြင်းနှင့် မသက်ဆိုင်သော ဆေးကုသရေးအဖွဲ့နှင့်အတူ လူနာ၏မိသားစုက ချမှတ်ခြင်းဖြစ်သည်။ အသက်ရှူစက်ကို ဖြုတ်လိုက်ပြီး နှလုံးရပ်သွားသည့်အခါ သီးခြားမသက်ဆိုင်သော ဆရာဝန်တစ်ဦးက လူသေဆုံးကြောင်း ကြေညာသည်။ ထို့နောက် ကိုယ်တွင်းအင်္ဂါနှင့်/သို့မဟုတ် တစ်ရှူးများကို လှူဒါန်းနိုင်ပါသည်။

## တစ်ရှူးလှူဒါန်းခြင်းကို နားလည်ခြင်း

**တစ်ရှူးအလှူရှင် တစ်ဦးသည် အရိုး၊ အရေပြား၊ အရွတ်၊ သွေးကြော၊ နှလုံးအဆို့ရှင်နှင့်/သို့မဟုတ် မျက်ကြည်လွှာများကို လှူဒါန်းခြင်းဖြင့် အခြားသူ 75 ဦးထက်မကကို အသက်ကယ်ဆယ်ပေးနိုင်ပြီး ကျန်းမာရေးကို ပြန်လည်ကောင်းမွန်စေနိုင်သည်။**

လူတစ်ဦး သေဆုံးသွားပြီးနောက် တစ်ရှူးလှူဒါန်းမှု အတည်ပြုရန်နှင့် ဆေးပညာအရ ကိုက်ညီမှုရှိမရှိ စစ်ဆေးရန် Indiana Donor Network သို့ ဆက်သွယ်၍ အနီးစပ်ဆုံး ဆွေမျိုးများနှင့် ညှိနှိုင်းဆောင်ရွက်ပါသည်။ တစ်ရှူးလှူဒါန်းခြင်းကို လူသေဆုံးပြီး 24 နာရီအတွင်း ဆောင်ရွက်ပြီး၊ ကိုယ်တွင်းအင်္ဂါ လှူဒါန်းခဲ့ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လှူဒါန်းနိုင်ပါသည်။ တစ်ရှူးအလှူရှင်များကို ဆေးရုံ၊ မှုခင်းဆေးပညာစစ်ဆေးရေးနှင့် ဈာပနဒါရိုက်တာအဖွဲ့များနှင့် ပူးပေါင်း၍ တစ်ရှူးရယူရန် Indiana Donor Network သို့ ပို့ဆောင်ပေးသည်။ ရရှိလာသော တစ်ရှူးများကို မီးလောင်ဒဏ်ရာ ကုသရန်၊ အမြင်အာရုံ ပြန်လည်ပေးစွမ်းရန်၊ အရွတ်နှင့် အရိုးများကို ပြုပြင်ရန်၊ ကိုယ်လက်လှုပ်ရှားမှုစွမ်းရည်ကို ပြန်လည်ဖော်ဆောင်ရန်နှင့် အခြားသော ဆေးဘက်ဆိုင်ရာ အသုံးချမှုများအတွက် ပြုပြင်သိမ်းဆည်းပေးသည့် သူများထံ ပို့ဆောင်ပေးသည်။ ထို့နောက် တစ်ရှူးအလှူရှင်များကို မိမိတို့ဆန္ဒရှိရာ ဂူဗိမာန်သို့ ပို့ဆောင်ပေးပြီး လိုအပ်ပါက အလောင်းကို အများပြည်သူကြည့်ရှုနိုင်သည့် ဈာပနပွဲပြုလုပ်နိုင်ပါသည်။

## အယူအဆမှားများနှင့် အမှန်များ

**အယူအဆမှား- ကျွန်ုပ်သာ အလှူရှင်ဖြစ်ပါက ဆရာဝန်များက အသက်ကယ်ပေးရန် ကြိုးစားမည်မဟုတ်ပါ။**
**အမှန်-** ဆရာဝန်များသည် သင်၏အသက်ကို ကယ်တင်ရန် ဦးစားပေးလုပ်ဆောင်ပါသည်။ အသက်ကယ်ရန် ကြိုးပမ်းမှု မအောင်မြင်မှသာ အလှူရှင်အဖြစ် သတ်မှတ်မှုကို စဉ်းစားပါမည်။

**အယူအဆမှား- အသက်ကြီးလွန်း၍ သို့မဟုတ် ကျန်းမာရေးမကောင်း၍ မည်သည့်အရာကိုမျှ မလှူဒါန်းနိုင်ပါ။**
**အမှန်-** အသက်အရွယ် သို့မဟုတ် ရောဂါရာဇဝင် မည်သို့ပင်ရှိစေကာမူ မည်သူမဆို ကိုယ်တွင်းအင်္ဂါနှင့် တစ်ရှူးအလှူရှင်အဖြစ် စာရင်းပေးသွင်းနိုင်ပါသည်။ ဆရာဝန်များသည် သေဆုံးချိန်တွင် လှူဒါန်းခြင်းပြုလုပ်ရန် သင့်လျော်မှုရှိမရှိကို ဆုံးဖြတ်သည်။

**အယူအဆမှား- ကျွန်ုပ်၏ မိသားစုသည် ကျွန်ုပ်၏ ဆုံးဖြတ်ချက်ကို လွှမ်းမိုးနိုင်သည်။**
**အမှန်-** U.S. တွင် မှတ်ပုံတင်ထားသော အလှူရှင်၏ ဆုံးဖြတ်ချက်ကို သေဆုံးချိန်၌ ကိုယ်တွင်းအင်္ဂါ လှူဒါန်းရန် ဖြစ်နိုင်ချေရှိပါက ဥပဒေအရ လိုက်နာရမည်ဖြစ်သည်။ အလှူရှင်အဖြစ် သတ်မှတ်ထားခြင်း မရှိမှသာ မိသားစုက ဆုံးဖြတ်ခွင့်ရှိသည်။ အလှူရှင်အဖြစ် သတ်မှတ်ထားခြင်း မရှိသော်လည်း တစ်ရှူးလှူဒါန်းမှုကို ဆက်လက်လုပ်ဆောင်ရန် မိသားစုများတွင် ဆုံးဖြတ်ခွင့်ရှိသည်။

**အယူအဆမှား-ကျွန်ုပ်၏ ဆုံးဖြတ်ချက်အစား မိသားစုအား ဆုံးဖြတ်ခွင့် ပေးလိုက်လိမ့်မည်။**
**အမှန်-** ကိုယ်တွင်းအင်္ဂါ လှူဒါန်းခြင်းသည် ရုတ်တရက် သို့မဟုတ် မမျှော်လင့်ဘဲ သေဆုံးမှုများပြီးနောက် ဖြစ်ပေါ်လေ့ရှိသည်။ သင်၏ဆန္ဒများကို ကြိုတင်သိရှိထားခြင်းက ခက်ခဲသောအချိန်၌ သင့်မိသားစုကို အကူအညီဖြစ်စေပါသည် — သင့်ဆုံးဖြတ်ချက်ကို ၎င်းတို့အား သေချာစွာ မျှဝေပြောပြပါ။




## အလှူတော်ကို ဂုဏ်ပြုခြင်း

ကိုယ်တွင်းအင်္ဂါနှင့် တစ်ရှူးအလှူရှင်များသည် ၎င်းတို့၏ နောက်ဆုံးလက်ဆောင်အဖြစ် အသက်များကို ကယ်တင်ပေးခြင်းဖြင့် ရင်သပ်ရှုမောဖွယ် အမွေအနှစ်များကို ချန်ထားခဲ့ကြသည်။ ဤအကြောင်းကြောင့် ၎င်းတို့ကို အသက်ကယ်တင်ပေးပြီး ကုသပေးသူများအတွက် သင့်လျော်သော အသုံးအနှုန်းဖြစ်သည့်**အလှူရှင်သူရဲကောင်းများ** အဖြစ် အမြဲတမ်း အမှတ်ရနေမည်ဖြစ်ပါသည်။

အလှူရှင်သူရဲကောင်းများကို အင်ဒီယားနားပြည်နယ်၊ အင်ဒီယာနာပိုလစ်မြို့ရှိ Donor Network Donor အလှူရှင်အထိမ်းအမှတ် အဆောက်အအုံတွင် ထာဝစဉ် ဂုဏ်ပြုအမှတ်ရနေမည်ဖြစ်ပြီး၊ ၎င်းသည် မိသားစုများ အမှတ်တရရှိရန်နှင့် ငြိမ်သက်စွာ ဆင်ခြင်တွေးတောနိုင်ရန် ဖန်တီးထားသော ငြိမ်သက်နှစ်လိုဖွယ် နေရာတစ်ခု ဖြစ်ပါသည်။



"တကယ်လို့ မရခဲ့ပါက အလှူရှင်သူရဲကောင်း၏ လက်ဆောင်သာ **မရှိခဲ့ပါက၊** ယနေ့ ကျွန်ုပ် အသက်ရှင်လျက် မရှိပါ။"

– TAYTUM
အသည်း အစားထိုးကုသခံယူရသူ

## အလှူရှင်မိသားစုများကို ထောက်ပံ့ကူညီခြင်း

### ဝမ်းနည်းပူဆွေးမှုကို ထောက်ပံ့ကူညီခြင်း

Indiana Donor Network သည် ကိုယ်တွင်းအင်္ဂါ သို့မဟုတ် တစ်ရှူးလှူဒါန်းပြီးနောက် အချိန်အကြာမြင့်သည်အထိ အလှူရှင်သူရဲကောင်းများ၏ မိသားစုများနှင့် ဆက်လက်ချိတ်ဆက်ဆောင်ရွက်ပေးသည်။ မိသားစုဝင်များကို တစ်ဦးချင်း ဝမ်းနည်းပူဆွေးမှုဆိုင်ရာ အထောက်အပံ့များ၊ အထောက်အပံ့ပေးသော အဖွဲ့များ၊ အမှတ်တရ အခွင့်အလမ်းများ၊ အမှတ်တရ ပစ္စည်းများနှင့် အခြားအရင်းအမြစ်မျိုးစုံကို ပံ့ပိုးပေးသည်။

### အခမ်းအနားများ

ချစ်ခင်ရသူ ကွယ်လွန်သွားပြီးနောက် စိတ်ဒဏ်ရာ ပြန်လည်သက်သာလာစေရန် အမှတ်တရ အခမ်းအနားများနှင့် အသိုက်အဝန်းသည် အရေးကြီးပါသည်။ Indiana Donor Network သည် အလှူရှင်သူရဲကောင်းများ၏ မိသားစုများအတွက် အလှူရှင်မိသားစု မိတ်ဆုံစားပွဲ၊ အလှူရှင် အထိမ်းအမှတ် တနင်္ဂနွေပွဲတော်၊ အသက်ကယ်လမ်းလျှောက်ပွဲ (The Walk to Save Lives) နှင့် အခြားသော ရင်းနှီးသည့် အခမ်းအနားများ အပါအဝင် နှစ်စဉ် အခမ်းအနားများစွာကို ကျင်းပပေးသည်။